# ကောက်နုတ်ထားသော သတင်းခေါင်းစဉ်များ

(No, 50. December 13, 2019)

၁။ ဒေါက်တာအေးမောင် အမှု အထူးအယူခံ နေပြည်တော် တရားလွှတ်တော်ချုပ်သို့ တင်ပြ

၂။ လူမျိုးသုဉ်း သတ်ဖြတ်မှု မပြောက်ကြောင်း ICJ တွင် ဒေါ်အောင်ဆန်းစုကြည် လျှောက်လဲ

၃။ ဘူးသီးတောင် NLD ပါတီ ဥက္ကဋ္ဌ ပျောက်ဆုံးနေ

၄။ KNU နှင့် တပ်မတော်တို့ကြား တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမည်

၅။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော တပ်မတော် လူမျိုးတုန်းသတ်ဖြတ်မှုအတွက် အဓိက တာဝန်ရှိပြီး အစိုးရ အနေဖြင့်လည်း ကာကွယ်ရန် ပျက်ကွက်ခဲ့ဟု ဂမ်ဘီယာ တင်ပြ

၆။ နမ်ဆန်ယန် ကျေးရွာအနီး တိုက်ပွဲဖြစ်ပွားခဲ့မှု ငြိမ်းချမ်းရေးကော်မရှင်သို့ တိုင်ကြားထား

၇။ ၂၀၂၀ တွင် မည်သည့် ပါတီများနှင့်မှ မပူးပေါင်းဘဲ ရွေးကောက်ပွဲဝင်သွားမည်ဟု KNDP ဥက္ကဋ္ဌပြော

၈။ ချီဖွေမြို့ အနောက်ဘက်ရှိ မုတ်သုံတော ကမ်းခြေတွင် တရားမဝင် ရွှေတူးဖော်မှုများ ရပ်ဆိုင်းပေးရန် ချီဖွေဒေသခံများ တောင်းဆို

၉။ မြန်မာအစိုးရကို တရားစွဲဆိုမှု ထောက်ခံသည့် ဆန္ဒပြပွဲ ICJ တရားရုံးရှေ့တွင် ပြုလုပ်

၁၀။ တိုင်းရင်းသားပါတီအားလုံး စုဖွဲ့ချိတ်ဆက်နိုင်ရန် ပြည်နယ်အခြေစိုက် ၅ ပါတီကြိုးပမ်းမည်

၁၁။ ပလက်ဝမြို့ပေါ်နှင့် နီးကပ်စွာ တိုက်ပွဲဖြစ်သည့် လက်နက်သံများ ကြားလာရခြင်းကြောင့် ဒေသခံများစိုးရိမ်

၁၂။ မိုင်းခုတ်ဒေသခံများကန့်ကွက်မှုကြားက ကျောက်မီးသွေး ဆက်လက်တူးနေ

၁၃။ တိုက်ပွဲ ထပ်မံဖြစ်မည်ကို စိုးရိမ်စိတ်ဖြင့် ကျောက်မဲမြို့ပေါ်သို့ စစ်ရှောင်များရောက်လာ

၁၄။ မြန်မာအစိုးရ ခေါင်းဆောင်များ နိုင်ငံတကာဆိုင်ရာ ဥပဒေအရ အရေးယူသည့်အပေါ် သျှမ်းလူမှုအဖွဲ့ ထောက်ခံ

၁၅။ AA စစ်ဦးစီးချုပ် ၏ ဇနီး နှင့် ကလေး ၂ ဦး မြန်မာပြည်သို့ ပြန်ပို့မည် မဟုတ်

၁၆။ မွန်ပြည်နယ်မှ အဂတိလိုက်စားမှုတိုင်ကြားစာ ၃၉၈ စောင်အနက် ၈ စောင်သာ စုံစမ်းစစ်ဆေးနိုင်ခဲ့

၁၇။ တာချီလိတ်တွင်ပြုလုပ်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထောက်ခံပွဲတွင် SNLD ပါတီအမည် အသုံးပြုခဲ့မှုအတွက် ပွဲကျင်းပရေးကော်မတီ ပြန်လည်တောင်းပန်

၁၈။ တပ်မတော်က သိမ်းယူထားတဲ့ မွန်ပြည်သစ်ပါတီ စခန်းကိုပြန်ပေး

၁၉။ ချီဖွေချောင်းရေ အနီရောင်ပြောင်းလဲ စီးဆင်နေမှု ဒေသခံများ စိုးရိမ်

၂၀။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုချုပ် စိုးဝင်း၊ ဗိုလ်မှူးချုပ် သန်းဦးနှင့် ဗိုလ်မှူးချုပ် အောင်အောင်တို့ ၄ ဦးကို အမေရိကန်က အမည်ပျက်စာရင်းသွင်း ပိတ်ဆို့ အရေးယူ

၂၁။ ၂၀၂၀-၂၀၂၁ ခုနှစ်မှ စတင်ကာ တိုင်းရင်းသားဘာသာစကားသင်ကြားရာတွင် ကျောင်းသား/သူ ၂၀ ဦးတွင် ဆရာ/မ တစ်ဦးနှုန်း ခန့်အပ်မည်ဟုဆို

၂၂။ AA အဖွဲ့အား အခွန်ငွေပေးပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းနေပြီး ပိုင်ဆိုင်မှုများကို နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်အထိ အရေးယူနိုင်ကြောင်း ဥပဒေကျွမ်းကျင်သူအချို့ပြောကြား

၂၃။ မင်းပြားတွင် တိုက်ပွဲပြင်းထန်နေပြီး တပ်မတော်က လက်နက်ကြီး၊ ရဟတ်ယာဉ်များဖြင့် ပစ်ခတ်မှုများရှိ၊ အရပ်သား ၄ ဦးဒဏ်ရာရ

## ၁။ ဒေါက်တာအေးမောင်အမှု အထူးအယူခံ နေပြည်တော် တရားလွှတ်တော်ချုပ်သို့တင်ပြ

December, 10, 2019

နိုင်ငံတော် ပုန်ကန်မှု၊ နိုင်ငံတော် အကြည်ညို ပျက်စေမှုတို့ဖြင့် ထောင်ဒဏ် နှစ် ၂၀ ကျော် ကျခံနေရသည့် ဒေါက်တာ အေးမောင်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စုံညီခုံရုံးဖြင့် ပြန်လည်ကြားနာပေးရန် လျှောက်ထားသည့် အထူးအယူခံကို ၎င်း၏ ရှေ့နေများက ယနေ့ နေပြည်တော်သို့ လာရောက် တင်ပြကြသည်။
ဒေါက်တာအေးမောင်၏ ရှေ့နေ ဦးခင်န က "ဒေါက်တာအေးမောင်အပေါ်မှာ စစ်တွေခရိုင်တရားရုံးက အမိန့်ချတယ်။ ပြစ်ဒဏ်ပေးတယ်။ ကျနော်တို့ဘက်က ပြင်ဆင်မှုတက်တယ်။ ပလပ်ခံရတယ်။ အဲဒီအမှုကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စုံညီခုံရုံးနဲ့ပြန်လည်ကြားနာ ပေးဖို့အတွက် အယူခံဝင်ခွင့် လျှောက်ထားတာ"ဟု သတင်းထောက်များ ကို ပြောသည်။

ဒေါက်တာ အေးမောင်သည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့က ရသေ့တောင်မြို့နယ်တွင် ပြုလုပ်သည့် ရခိုင်ဘုရင့်နိုင်ငံတော်အချုပ်အခြာအာဏာ ကျဆုံးသည့် ၂၃၃ နှစ်မြောက် အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ပြော ဆိုမှုတချို့ကြောင့် အစိုးရ၏ တရားစွဲဆိုမှုကိုခံခဲ့ရပြီး စစ်တွေထောင်တွင် ထောင်ဒဏ်အပြစ်ပေးခံထားရသည်။ ရခိုင်အမျိုးသားပါတီ ဥက္ကဌဟောင်း၊ အမ်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်နှင့် ရခိုင်အခြေစိုက် စာရေးဆရာ ဦးဝေဟင်အောင်တို့ကို ရခိုင်ပြည်နယ် စစ်တွေခရိုင်တရားရုံးက နိုင်ငံတော်ပုန်ကန်မှုနှင့် နိုင်ငံတော်အကြည်ညို ပျက်စေမှုအတွက် ထောင်ဒဏ် ၂၂ နှစ်စီ ချမှတ်ခဲ့သည်။

ဒေါက်တာ အေးမောင်သည် ရခိုင်အမျိုးသားပါတီကို စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သူတဦးဖြစ်ပြီး ယင်းပါတီတွင် ဥက္ကဌတာဝန်ယူခဲ့သလို လွှတ်တော် ပထမ သက်တမ်းတွင် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခဲ့ခံရသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင်မူ ပြည်နယ်လွှတ်တော်က ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သော်လည်း ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြန်လည်အရွေးခံခဲ့ရသူ တဦးဖြစ်သည်။ https://burma.irrawaddy.com/news/2019/12/10/210395.html

***********

## ၂။ လူမျိုးသုဉ်း သတ်ဖြတ်မှု မမြောက်ကြောင်း ICJ တွင် ဒေါ်အောင်ဆန်းစုကြည် လျှောက်လဲ

December, 11, 2019

လူမျိုးသုဉ်း သတ်ဖြတ်မှုဖြင့် ဂမ်ဘီယာနိုင်ငံမှ မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ၌ တရား စွဲဆို ထားမှုနှင့် ပတ်သက်၍ ယနေ့ တရားခွင်တွင် မြန်မာဘက်မှ လျှောက်လဲချက် ကြားနာမှုပြုလုပ်ရာ မြန်မာအဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က နာရီဝက် နီးပါး အဖွင့် လျှောက်လဲချက် ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များသည် အာရကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ် (ARSA) အဖွဲ့ အင်အား ၄၀၀ ခန့်က နယ်ခြားစောင့် ရဲစခန်းများကို တပြိုင်တည်း တိုက်ခိုက်ခဲ့ရာမှစတင်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့က သံသယရှိသည့် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း၊ ARSA များကို လုံခြုံရေးတပ်များက နေရာ ၁၂ နေရာတွင် ရှင်းလင်းခဲ့ရသလို ARSA များ ဝိုင်းရံထား၍ ရဟတ်ယာဉ်များ သုံးခဲ့ရခြင်းများရှိရာ တိုက်ခိုက်ရေးသမား မဟုတ်သူများ၊ အရပ်သားများ သေကောင်းသေနိုင်ကြောင်း၊ ARSA နှင့် အရပ်သားများကြား ခွဲခြား၍မရခဲ့သည်များရှိခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။ ထိုအခြေအနေသည် ရာဇဝတ်အနေအထားမျိုးဖြစ်ခဲ့ပြီး ရှုပ်ထွေးခဲ့သော်လည်း ထိုအနေအထားကြောင့် လူမျိုးသုဉ်း သတ်ဖြတ်မှုဟု ကောက်ချက်ချ၍ မရကြောင်း၊ အချို့နေရာများတွင် ကာကွယ်ရေးအဖွဲ့များက လုယက်မှုများကို မတားဆီးနိုင်မှုများ ရှိခဲ့ပြီး ထိုကဲ့သို့ ရှုပ်ထွေးသည့်အခြေအနေများကို သိရန်လိုသကဲ့သို့ အရေးကြီးသည့်ကိစ္စကို ကိုင်တွယ်ရသည့် လူများ၏ အခြေအနေကိုလည်း သိရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဂူတာပြင် ကိစ္စတွင်လည်း စစ်ခုံရုံးမှ အရေးယူမည်ဖြစ်သလို နိုင်ငံတကာက ကုလ အမှုထမ်းဟောင်းများနှင့် ဖွဲ့ထားသည့် တခြား လွတ်လပ်သည့် စုံစမ်းရေးကော်မရှင်၏ တွေ့ရှိချက်တွေအရ အရေးယူသွားဖို့ရှိပြီး ကော်မရှင်ကမျက်မြင်သက်သေ ၁၅၀၀ ကျော်ကို တွေ့ဆုံ မေးမြန်းခဲ့သည် ဟုလည်း ဆိုသည်။

မြန်မာနိုင်ငံဘက်မှ ရှေ့နေ ပါမောက္ခ ဝီလျံရှာဘတ်စ်ကလည်း လူမျိုးသုဉ်း သတ်ဖြတ်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် နားလည်မှုလွဲနေခြင်းများရှိပြီး ယမန်နေ့က လျှောက်ထားသူများအနေဖြင့်လည်း မြန်မာနိုင်ငံတွင် လူမျိုးသုဉ်း သတ်ဖြတ်မှုနှင့် ပတ်သက်ပြီး အတိအကျ ပြောဆိုနိုင်ခဲ့ခြင်းမရှိကြောင်း၊ လိုအပ်ချက်များစွာရှိကြောင်း ထောက်ပြခဲ့သည်။ "မနေ့က လျှောက်ထားချက်မှာ လူမျိုးသုဉ်း သတ်ဖြတ်တဲ့ ရည်ရွယ်ချက်နဲ့ ပတ်သက်ပြီးတော့ တင်ပြဖို့အကြီးအကျယ် ပျက်ကွက်နေတာ ဖြစ်ပါတယ်။ အဲဒီ လျှောက်ထားချက်ထဲမှာ ဒီမျိုးသုဉ်းသတ်ဖြတ် ရည်ရွယ်ချက်ကို ပီပီပြင်ပြင်ဖော်ပြနိုင်တာမရှိဘူး။ ဒီအချက်ကြောင့်ပဲ ကြားဖြတ် အစီအမံကို မပေးဖို့ ငြင်းပယ်သင့်တယ်လို့ လျှောက်ထားချင်ပါတယ်" ဟု ၎င်းက အဆုံးသတ်တွင် ပြောကြားခဲ့သည်။ https://burma.irrawaddy.com/news/2019/12/11/210512.html

************

## ၃။ ဘူးသီးတောင် NLD ပါတီ ဥက္ကဋ္ဌ ပျောက်ဆုံးနေ

December, 12, 2019

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီ ဥက္ကဋ္ဌ ဦးရဲသိန်းမှာ ယမန်နေ့ညက ပျောက်ဆုံးသွားကြောင်း သတင်း ရရှိသည်။

NLD ပါတီ စစ်တွေခရိုင် ဥက္ကဋ္ဌ ဦးသန်းကျော်က "သူက ပါတီရုံးမှာညအိပ်နေကျလို့ ပြောတယ်။ ဒီနေ့ မနက် ပါတီဝင်တွေ ရုံးကို သွားတော့ ရုံးကိုလည်း အိပ်ဖို့မရောက်လာဘူး။ အိမ်ကို သွားကြည့်တော့လည်း အိမ်မှာလည်း မရှိဘူးလို့ ပြောတယ်။ ဘယ်လို ဖြစ်တယ်ဆိုတာ အတည်မပြုနိုင်သေးဘူး။ လောလောဆယ် ပျောက်နေတယ်၊ ဒီလောက်ပဲ သိရသေးတယ်" ဟု ဧရာဝတီသို့ ပြောသည်။

ယနေ့ မနက်ပိုင်း၌ ဘူးသီးတောင်မြို့နယ်ရှိ NLD ပါတီဝင်များ ဦးဆောင်ကာ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ )တွင် သွားရောက် ဖြေရှင်းနေသော ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံကြိုဆိုပွဲ လုပ်မည့်ဆဲဆဲတွင် ယခုကဲ့သို့ မြို့နယ် ပါတီဥက္ကဋ္ဌ ပျောက်ဆုံးနေခြင်း ဖြစ်သည်။

မြို့နယ် ပါတီဥက္ကဋ္ဌ ဦးရဲသိန်း ပျောက်ဆုံးခြင်းနှင့် ပတ်သက်ပြီး အသေးစိတ် သိရှိနိုင်ရန် ဘူးသီးတောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရုံးသို့ ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍ မရရှိခဲ့ပေ။ ဦးရဲသိန်း ပျောက်ဆုံးခြင်းနှင့် ပတ်သက်ပြီး ဧရာဝတီမှ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီး မောင်မောင်စိုးအား ဆက်သွယ်မေးမြန်းခဲ့ရာ ဟုတ်မှန်ကြောင်း အတည်ပြုပြောဆိုခဲ့သည်။ https://burma.irrawaddy.com/news/2019/12 /12/210560.html

***********

## ၄။ KNU နှင့် တပ်မတော်တို့ကြား တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမည်

December, 9, 2019

KNU-ကရင်အမျိုးသားအစည်းအရုံး ဒုဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းနှင့် အထွေထွေ အတွင်းရေးမှူး ပဒိုစောတာဒိုမူးတို့ ဦးဆောင်သည့်အဖွဲ့ဝင် ၁၂ ဦးသည် ဗဟိုဌာနချုပ်မှ စတင်ထွက်ခွာပြီး မြန်မာ့တပ်မတော်နှင့် တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ဒီဇင်ဘာလ ၁၀ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်သွားမည်ဟု KNU က ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

KNU ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် တိုင်းစစ်ဌာနချုပ် ရိပ်သာ၌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် တပ်မတော် ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် တွေ့ဆုံပြီး ၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်နှင့် ၂၀၁၅ခုနှစ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေး သဘောတူစာချုပ် -NCA လက်မှတ်ထိုးပြီးနောက် အောက်ခြေ၌ ဖြစ်ပွားခဲ့သည့် ထိတွေ့ပစ်ခတ်မှုကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ယခုပြုလုပ်မည့် တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုသည် NCA လက်မှတ်ထိုးခြင်း ၄နှစ်မြောက် အခမ်းအနားကျင်းပပြုခဲ့စဉ် တပ်မတော်အဆင့်မြင့် ခေါင်းဆောင်များနှင့် KNU တို့ တွေ့ဆုံသဘောတူညီမှုမှ ရရှိသည့်ရလဒ်အရ ဖြစ်ပေါ်လာသည့် တွေ့ဆုံ ဆွေးနွေးမှုဖြစ်သည်ဟု ဆိုသည်။

KNU အနေဖြင့် ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း ၂၀၁၈ခုနှစ်၊ မတ်လ KNU မူတြော်(ဖာပွန်)ခရိုင်၊ လူသောမြို့နယ်ရှိ ခေးပူ -လယ်မူပလော ကားလမ်းဖောင်းနှင့် တပ်မဟာ (၃) နယ်မြေအတွင်းရှိ မူသဲ -ကျောက်ကြီးကားလမ်းကို ညှိနှိုင်းခြင်း၊ သဘောတူညီခြင်း မရှိဘဲ တပ်မတော်ဘက်က လမ်းဖောက်လုပ်သည်ဟုဆိုကာ အောက်ခြေတွင် နစ်ဖက်ပစ်ခတ်မှု များဖြစ်ပွားခဲ့သကဲ့သို့ လက်ရှိအချိန်ထိလည်း စစ်ရေး တင်းမာနေဆဲဖြစ်ကြောင်း ဒေသတွင်းသတင်းများအရ သိရသည်။ http://kicnews.org/2019/12/knu-%e1%82%8f%e1%80%bd%e1%80%84%e1%80%b9%e1%80%b7

***********

၅။ **ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော တပ်မတော် လူမျိုးတုန်းသတ်ဖြတ်မှုအတွက် အဓိက တာဝန်ရှိပြီး အစိုးရအနေဖြင့်လည်း ကာကွယ်ရန် ပျက်ကွက်ခဲ့ဟု ဂမ်ဘီယာ တင်ပြ**

December 10, 2019 13

ရခိုင်ပြည်နယ်မှ လူနည်းစု မွတ်စလင် (ခေါ်) ရိုဟင်ဂျာများ လူမျိုးတုန်းသတ်ဖြတ်ခံရမှုတွင် တပ်မတော်က အဓိက တာဝန်ရှိပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဗိုလ်ချုပ်များကို ICC တရားရုံးတွင် တင်သင့်ဆိုသော ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေး UN FFM အဖွဲ့၏ အစီရင်ခံစာကို ကိုးကား၍ ဂမ်ဘီယာနိုင်ငံက ယနေ့ အပြည်ပြည်ဆိုင်ရာ တရားရုံး ICJ တွင် စတင် လျှောက်လဲချက် ပေးသည်။

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုနှင့်ပတ်သက်၍ တရားစွဲဆိုထားမှုကို ယနေ့ ဂမ်ဘီယာနိုင်ငံက စတင် လျှောက်လဲချက်ပေးရာတွင် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့များ၊ ကိုယ်စားလှယ်များ၏ အစီရင်ခံစာများကို ကိုးကား၍ လျှောက်လဲချက်ပေးခဲ့ခြင်းဖြစ်သည်။

တပ်မတော်သည် နယ်မြေရှင်းလင်းရေးဟူသော ခေါင်းစဉ် ARSA အဖွဲ့ကို ရှာဖွေရှင်းလင်းသည်ဟုဆိုသော်လည်း ရိုဟင်ဂျာ (ခေါ်) မွတ်စလင်များကို ပစ်မှတ်ထားခဲ့ကြောင်း၊ မွတ်စလင်များကို မီးရှို့ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများကို မုဒိမ်းကျင့်ခြင်း၊ ကလေးငယ်များကို သတ်ဖြတ်ခြင်း စသည့် ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေး အစီရင်ခံစာပါ အကြောင်းအရာများကို သက်သေအဖြစ် တင်သွင်းခဲ့သည်။

ဂမ်ဘီယာနိုင်ငံက Provisional Measure ဟု ခေါ်သော ကြားဖြတ်အရေးယူမှု အမိန့်ချမှတ်ပေးရန် ICJ တွင် လျှောက်ထားခြင်း ဖြစ်ပြီး ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ နယ်သာနိုင်ငံ၊ သည်ဟိတ်မြို့တွင် အမှုကို ကြားနာမည်ဖြစ်သည်။ https://www.khitthitnews.com/2019/12/%e1%80%97%e1%80%ad%e1%80 %af%e1%80%9c%e1%80%

*************

## ၆။ နမ်ဆန်ယန် ကျေးရွာအနီး တိုက်ပွဲဖြစ်ပွားခဲ့မှု ငြိမ်းချမ်းရေးကော်မရှင်သို့ တိုင်ကြားထား

December, 6, 2019

ကချင်စစ်ရှောင်များကို ပထမဆုံးနေရပ်ပြန်ပို့ခဲ့သည့် နမ်ဆန်ယန်ကျေးရွာ၏အနောက်ဘက် ၃ မိုင်ခန့်အကွာတွင် တပ်မတော်မှ KIA စခန်းတစ်ခုကို လာရောက်သိမ်းပိုက်သည့် တိုက်ပွဲကြောင့် ဒေသခံများ ထပ်မံ ထွက်ပြေးရန် ပြင်ဆင်နေသည်ဟု သိရပါသည်။

နေရပ်ပြန်ရေး အစအဆုံးကူညီပေးခဲ့သူ ဦးဖော်လားဂမ်ဖန်က ယခုတိုက်ပွဲသည် အစိုးရ၏ ပြန်လည်နေရာချထားရေးအစီစဉ်ကို ပျက်စီးစေနိုင်ကြောင်း ငြိမ်းချမ်းရေးကော်မရှင်ကို လိပ်မူပြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊

ပြန်ထောင်စု လူကယ်ပြန် ဒုဝန်ကြီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မပခနှင့် နယ်လုံဝန်ကြီးတို့ကိုမိတ္တူဖြင့် ဒီဇင်ဘာလ ၁ ရက်နေ့ တိုင်ကြားခဲ့ကြောင်း ပြောသည်။

"အခုလိုမျိုးနောက်တစ်ခါထပ်ဖြစ်ရင် နမ်ဆန်ယန်ကျေးရွာလည်း စစ်ပြေးပြန်ဖြစ်ရမှာကိုစိုးရိမ်တဲ့အတွက် အဖြစ်အပျက်ကို ကျနော်က ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ထံ စာအမြန်ရေးပြီး ကိုယ်တိုင်နေပြည်တော်ကို သွားပေးခဲ့တယ်။ " ဟု နမ်ဆန်ယန် နေရပ်ပြန်ရေးကို ကူညီပေးနေသူ ကချင်တေးရေး၊ တေးဆို နာမည်ကျော်အဆိုတော် ဦးဖော်လားဂမ်ဖန်က ပြော ပါသည်။ "လုံခြုံစွာ နေရပ်ပြန်နိုင်ဖို့ဆို Bilateral လက်မှတ်ထိုးရလိမ့်မယ်။ ဘယ်လိုပုံစံလက်မှတ်ထိုးမယ်ဆိုတာကတော့ သူတို့ လက်နက်ကိုင်တွေရဲ့ အပိုင်းဖြစ်သွားပြီ။ ကျနော်တို့ဘက်ကတော့ နို င်ငံတကာစံချိန်စံညွှန်းနဲ့အညီ လုံခြုံပြီး အကူညီအပြည့်နဲ့ ပြန်နိုင်ဖို့ လုပ်နေတယ်လို့ ပြောလိုပါတယ်။" ဟုပြောပါသည်။

၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့ ဖြစ်ပွားခဲ့သော ကချင်တစ်ကျော့ပြန်တိုက်ပွဲကြောင့် ကချင်လူထုသည် မိမိတို့ကျေးရွာများကို စွန့်ပစ်ပြီး စစ်ရှောင်စခန်းတွင် ခိုလှုံနေရသည်မှာ ၈ နှစ်ကျော်လာပြီ ဖြစ်ပါသည်။ https://burmese.kachinnews.com/2019/12/06/%e1%80%94%e1%80%99%e1%80%ba%e1%80%86%e1

************

## ၇။ ၂၀၂၀ တွင် မည်သည့် ပါတီများနှင့်မှ မပူးပေါင်းဘဲ ရွေးကောက်ပွဲဝင်သွားမည်ဟုKNDP ဥက္ကဋ္ဌပြော

December 10, 2019

၂၀၂၀ ခုနှစ်တွင် ပြုလုပ်သွားမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မည်သည့် ပါတီများနှင့်မှ မပူးပေါင်းဘဲ ရွေးကောက်ပွဲဝင်သွားမည်ဟု ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ-KNDP ဥက္ကဋ္ဌ မန်းအောင် ပြည်စိုးက ပြောဆိုလိုက်သည်။ လတ်တလောတွင် KNDP အနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ -USDP တို့ပါဝင်သော အင်အား စုပါတီအစုအဖွဲ့နှင့် ပူးပေါင်းမည်ဟု သတင်းထွက်ပေါ်နေသည့်အပေါ် မန်းအောင်ပြည်စိုးက ယမန်နေ့ (ဒီဇင်ဘာ ၉ ရက်)တွင် ကေအိုင်စီသို့ ယခုလိုပြောသည်။

"သွားပုပ်လေလွင့်ပြောချင်တဲ့သူတွေကတော့ USDPနဲ့ ပေါင်းလိုက်ပြီး ဘာပြီး၊ ညာပြီး။ အမှန်တော့ လုံးဝ မဟုတ်ဘူး ဆိုတာတော့ အတိအလင်းပြောချင်တယ်။ အခြေခံမူဝါဒထဲမှာ မူဝါဒချင်းတူညီသော တိုင်းရင်းသား ပါတီများနဲ့သာ ပေါင်းမယ်ဆိုပြီး တော့ပါတယ်။ အကြမ်းဖျဉ်းကတော့ ဒီ ၂၀၂၀(ရွေးကောက်ပွဲ) မပြီးမချင်း တို့က ဘယ် ပါတီနဲ့မှ မပေါင်းဘူး။ ၂၀၂၀ ပြီးရင်တောင် စဉ်းစားမယ်။ ပေါင်းမယ်လို့မဟုတ်ဘူး" ဟု ပြောသည်။

လက်ရှိတွင် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ကရင်ပါတီ ၄ ပါတီရှိနေပြီး မဲဆန္ဒနယ် တစ်နေရာ တွင် ကရင်ပါတီ ကိုယ်စားလှယ်တစ်ဦးထဲမှ ဝင်ရောက်ယှဉ်ပြို င်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေ ကြောင်းလည်း ကရင်ပါတီတာဝန်ရှိသူများထံမှ သိရသည်။

လက်ရှိတွင် ကရင်ပြည်နယ်အခြေစိုက် KNDP နှင့် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ(PSDP)၊ ရန်ကုန် အခြေစိုက် ကရင်ပြည်သူ့ပါတီ(KPP) နှင့် ကရင်အမျိုးသားပါတီ (KNP)ဟူ၍ ကရင်ပါတီ ၄ ပါတီ ကျန်ရှိနေသည်။ http://kicnews.org/2019/12/%e1%81%82%e1%81%80%e1%81%82%e1%81%80

************

## ၈။ ချီဖွေမြို့ အနောက်ဘက်ရှိ မုတ်သုံတော ကမ်းခြေတွင် တရားမဝင် ရွှေတူးဖော်မှုများ ရပ်ဆိုင်းပေးရန် ချီဖွေဒေသခံများ တောင်းဆို

December, 11, 2019

ချီဖွေမြို့ အနောက်ဘက်ကမ်းရှိ မုတ်သုံတော ကမ်းခြေမှာ တရားမဝင် ရွှေတူးဖော်မှုများ ရပ်ဆိုင်းပေးရန် ချီဖွေဒေသခံများက ဒီဇင်ဘာ ၁၀ ရက်တွင် မြစ်ကြီးနားမြို့ရှိ သတင်းမီဒီယာများနှင့် တွေ့ဆုံကာ ရှင်းလင်း ပြောကြားခဲ့သည်။
ယင်းရွှေတူးဖော်သည့် နေရာမှာ ချီဖွေမြို့သို့ လာရောက်လည်ပတ်သူများ အပန်းဖြေသည့် မုတ်သုံတော (ဒေသအခေါ်) ဂျန်ယော်မှာ အမြဲစိမ်းလမ်းနေသည့် ကျွန်းငယ်လေးသဖွယ် ဖြစ်နေသဖြင့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကဲ့သို့ ဖြစ်နေသည့်နေရာ ဖြစ်သဖြင့် ဒေသခံများက စိတ်မကောင်း ဖြစ်နေကြောင်း လောင်ဗျစ်ခေါင်လူမှုအဖွဲ့က ဆိုသည်။

လောင်ဗျစ်ခေါင် လူမှုဖွံ့ဖြိုးရေးအဖွဲ့ အတွင်းရေးမှူး ဦးလာချိဒ်လွမ်းဖောင်းက "မုတ်သုံတောကို ၂၀၁၄ ခုနှစ်လောက် လုပ်ပြီးပြီ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က နားသွားပြီး အခုပြန်လုပ်နေတယ်။ ကေအိုင်အေ ထိန်းချုပ်တဲ့နယ်မြေဆိုတော့ သူတို့ဦးစီးပြီးလုပ်တဲ့ သဘောပါ။ ကျွန်တော်တို့ကတော့ အစိုးရဘက်ကို ကန့်ကွက်ပေးဖို့ စာတင်သွားမှာပါ။ မူလအတိုင်း မရှိတော့ပေမယ့် ကျန်တဲ့နေရာကို ကျန်နေစေချင်သေးတယ်။ ကေပေါင်းဆယ်ချီပြီး တူးသွားပြီလေ။ စာပေယဉ်ကျေးမှုအဖွဲ့ ရန်ပုံငွေဆိုပြီး သတင်းတွေထွက်နေလို့ ကျွန်တော်တို့ လာချိဒ်စာပေ ယဉ်ကျေးမှု မပါဘူးဆိုပြီး စာနဲ့လည်းထုတ်ပြန်ပါပြီ" ဟု ပြောကြား သည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့က မြစ်ချောင်းများအတွင်း ရွှေနှင့်သတ္တုတူးဖော်မှုများကို ဥပဒေကြောင်းအရ တရားဝင် တူးဖော်ခွင့် လုံးဝချထားပေးခြင်းမရှိဘဲ တရားဥပဒေ မစိုးမိုးနိုင်သည့် နေရာများတွင်သာ တရားမဝင် ခိုးတူးနေမှုများ ရှိနေခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိပြီး ပူးပေါင်းဆောင်ရွက်မှုများရှိမှသာ ယင်းလုပ်ငန်းများကို ထိန်းသိမ်းကာကွယ် နိုင်မည်ဖြစ်ကြောင်း၊ လက်လှမ်းမီသည့် နေရာများတွင် တရားမဝင် ရွှေတူးဖော်နေမှုများကို ဖမ်းဆီးထိန်းသိမ်းမှုများ ပြုလုပ်နေကြောင်း ပြောကြား ထားသည်။ https://news-eleven.com/article/149275

************

## ၉။ မြန်မာအစိုးရကိုတရားစွဲဆိုမှ ထောက်ခံသည့် ဆန္ဒပြပွဲ ICJ တရားရုံးရှေ့တွင်ပြုလုပ်

December,10, 2019

လူမျိုးတုန်းသတ်ဖြတ်မှုဖြင့် ဂမ်ဘီယာနိုင်ငံမှ မြန်မာနိုင်ငံကို တရားစွဲထားသည့်အမှု စတင်ကြားနာသည့် ပထမနေ့တွင် တရားစွဲဆိုမှုကို ထောက်ခံသည့် ဆန္ဒပြပွဲကို အပြည်ပြည်ဆိုင်ရာတရားရုံးဆိုက်ရာ နယ်သာလန်နိုင်ငံ The Hague မြို့ရှိ International Court of Justice ICJ တရားရုံးရှေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရပါသည်။
ဥပရောပ ရိုဟင်ဂျာအဖွဲ့ အစည်းဦးဆောင်မှုဖြင့် မြန်မာပြည်မှ ကချင်၊ ကရင် လူမျိုးတွေလည်းပါဝင်ကာ လူအင်အား နှစ်ရာခန့်က ထောက်ခံ ဆန္ဒဖော်ထုတ်ခဲ့ကြောင့် အစီစဉ်တွင် ဦးဆောင်ပါဝင်နေသူ ကချင်အမျိုးသားအစည်းအရုံး KNO အထွေထွေအတွင်းရေးမှုး ဦး Layang Hkun Htoi ပြောပါသည်။
"ရိုဟင်ဂျာတွေကို လူမျိုးတုန်းသတ်ဖြတ်မှုကိစ္စကြောင့် တရားစွဲခံရတဲကိစ္စမှာ ကျနော်တို့က ထောက်ခံရမယ်။ ဘာလို့ဆိုတော့ ဒီလုပ်ရပ်ကျူးလွန်နေတဲ့တပ်မတော်က ကျနော်တို့ လူမျိုးတွေကိုလည်း နှစ်ပေါင်း ၆၀ ကျော်ဖိနှိပ်ခဲ့ပြီ။ ရိုဟင်ဂျာတွေအတွက်

တရားမျှတမှုရှာပေးရင်း ကျန်တဲ့ သူတွေအတွက်လည်း ဖြစ်လာမယ်။ ဒါကြောင့် ဒီအမှု မှာ တရားစွဲတဲ့ဘက် အောင်မြင်ဖို့ ကျနော်တို့ လာရောက်အားပေးတာဖြစ်တယ်" ဟု ပြောခဲ့ပါသည်။

"အားလုံးသိထားသင့်တာက လက်ရှိ NLD အစိုးရက ဒါအပြစ်ပြန်ဖုံးပေးရင် ပိုဆိုးသွားပြီ။ ဒါပေမယ့် တပ်မတော်ရဲ့ မြန်မာပြည်မှာ အခန်းကဏ္ဍ လုပ်ရပ်တွေကို အစိုးရက မထိန်းနိုင် လို့ ဒီလိုဖြစ်သွားတယ် ဆိုပြီး တရားသူ ကြီးတွေထံ ဝန်ခံလိုက်ရင်တော့ နိုင်ငံဂုဏ်သိက္ခာလည်းပြန်ရမယ်။ ဒေါ်အောင်ဆန်းစုကြည်လည်း ဂုဏ်သိက္ခာရှိမယ်။ NLD က မနေ့တနေ့ကမှ အစိုးရတက်တာ အားလုံးသိတယ်လေ။ ဒါပေမယ့် စစ်တပ်အပြစ်ကို ဖုံးပေးတော့ ပိုအပြစ်ထင်ရှားလာမယ်။ " ဟု ဦး Layang Hkun Htoi ဆက်လက် ပြောဆိုပါသည်။ https://burmese.kachinnews.com/2019/12/10/%e1%80%99%e1%80%bc%

*************

### ၁၀။ တိုင်းရင်းသားပါတီအားလုံးစုဖွဲ့ချိတ်ဆက်နိုင်ရန် ပြည်နယ်အခြေစိုက်၅ ပါတီကြိုးပမ်းမည်

December, 10, 2019

ပူးပေါင်းပြီးဖြစ်သော သက်ဆိုင်ရာပြည်နယ်အခြေစိုက်တိုင်းရင်းသား နိုင်ငံရေးပါတီ ၅ ပါတီတို့ ၃ ရက်ကြာတွေ့ဆုံဆွေးနွေးခဲ့ကြပြီး ကျန်ရှိသည့်တိုင်းရင်းသားပါတီများနှင့် သဘောထားများ တစ်စုတစ်စည်းတည်းဖြစ်စေရန် စုဖွဲ့ချိတ်ဆက်သွားမည်ဟု သတင်းရရှိသည်။

ပြည်နယ်အသီးသီးက ပေါင်းစည်းပြီးဖြစ်သည့် ကချင်ပြည်နယ်ပြည်သူ့ပါတီ KSPP ၊ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ KNDP၊ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ KSDP ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် CNLD နှင့် မွန်ညီညွတ်ရေးပါတီ MUP ခေါင်းဆောင်များ ရန်ကုန်မြို့ Summit Parkview Hotel ၌ ဒီဇင်ဘာ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ၃ ရက်ကြာဆွေးနွေးခဲ့ပြီးနောက် ယင်းကဲ့သို့ သဘောထားများ စုစည်းနိုင်ခဲ့ကြောင်း မွန်ညီညွတ်ရေးပါတီ တွဲဖက်အတွင်းရေးမှူး(၁) နိုင်လယိတမက ပြောသည်။ နိုင်လယိတမက "၂၀၂၀ ရွေးကောက်ပွဲမတိုင်ခင်မှာ တိုင်းရင်းသားပါတီအားလုံး စုဖွဲ့ချိတ်ဆက်မှု ရှိဖို့လိုတယ်ဆိုတဲ့ အမြင်သဘောထားတွေတူကြတယ်၊ အဲဒီလို စုဖွဲ့ချိတ်ဆက်မှုတစ်ခုရအောင်တော့ ၅ ပါတီ ဆက်ပြီးတော့ နည်းလမ်းတွေ ရှာကြံသွားမယ်" ဟု ဆိုသည်။

ထို့အတူ တိုင်းရင်းသားပါတီ ၅ ပါတီခေါင်းဆောင်များအနေဖြင့် ယခုဆွေးနွေးပွဲတွင် ခိုင်မာသောဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်းမရှိသော်လည်း ၂၀၂၀ ရွေးကောက်ပွဲမတိုင်ခင်တွင် တိုင်းရင်းသားပါတီများ ညီလာခံတစ်ခုကျင်းပနိုင်ရေး အပေါ်ယံသဘောဆွေးနွေးဖြစ်သည်ဟုလည်း ကချင်ပြည်နယ်ပြည်သူ့ပါတီ KSPP ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ဆိုသည်။

အဆိုပါ ပြည်နယ်အခြေစိုက်တိုင်းရင်းသားပါတီ ၅ ပါတီတို့သည် မဟာမိတ်တပ်ပေါင်းစုတစ်ခုအဖြစ် ပေါင်းစည်းထားခြင်းမဟုတ်ဘဲ တိုင်းရင်းသားပါတီအချင်းချင်း ဖိုရမ်တစ်ခုမှာ လာရောက်တွေ့ဆုံကြသည့်အနေအထားမျိုးတွင် ရပ်တည်လျက်ရှိကြောင်း၊ ရခိုင်နှင့် ရှမ်းပါတီအချင်းချင်း ပူးပေါင်းနိုင်ခြင်းမရှိသေးကြောင်း၊ အများအားဖြင့် စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ် UNA နှင့် ညီနောင်တိုင်းရင်းသားများဖက်ဒရေးရှင်း NBF တပ်ပေါင်းစုတို့တွင် ပါဝင်ခဲ့သည့် ပါတီများအတွက် တစ်ခုတည်းသောတပ်ပေါင်းစုအဖြစ်တည်ဆောက်နိုင်ရန် အချိန်ယူရဦးမည်ဖြစ်ကြောင်း တိုင်းရင်းသား အရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ထားသည်။ http://burmese.monnews.org/2019/12/10/%e1%80%90%e1%80%ad%e1%80%af%e1%80%84%e1%80

*************

## ၁၁။ ပလက်ဝမြို့ပေါ်နှင့် နီးကပ်စွာ တိုက်ပွဲဖြစ်သည့် လက်နက်သံများ ကြားလာရခြင်းကြောင့် ဒေသခံများစိုးရိမ်

December,10, 2019

ပလက်ဝမြို့အနီးအထိ ရက္ခိုင့်တပ်မတော်နှင့် မြန်မာတပ်မတော်တို့အကြား တိုက်ပွဲများဖြစ်ပွားလာပြီး မြို့ပေါ်ကနေပင်လျှင် လက်နက်သံများ ကြားလာရခြင်းကြောင့် ဒေသခံများအနေဖြင့် စိုးရိမ်နေရကြောင်း ဒေသခံများကပြောသည်။

ပလက်ဝမြို့ ဒေသခံတစ်ဦးက "မနက် ခြောက်နာရီမထိုးခင် ငါးနာရီလောက်က ပလက်ဝမြို့အတွက် အခြေနေမကောင်းဘူးလို့ မြို့ထဲမှာတော့ သတင်းတွေတော့ ထွက်နေတယ်။ ဒီမနက်ပိုင်း လေးနာရီကျော်ကျော် လောက်မှာ ပလက် ဝမြို့ပေါ်ကနေ နှစ်ဖက် တိုက်ခိုက်သံတွေကြားနေရတယ်" ဟုပြောသည်။

ပလက်ဝမြို့ကီမိုလူမှုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဌာနမှ ဦးဘူထန်ပိုင်က "ဒီမနက် ၄နာရီကနေ ၅ နာရီခွဲအထိ ပလက်ဝမြို့နဲ့ အနီးမှာရှိတဲ့ တပ်ရင်း ၂၈၉ နဲ့ မျက်နှာချင်းဆိုင်နားက အပြန်အလှန် လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်ကြတယ်။ ပြည်သူတွေ အနေနဲ့လည်း ဘာဖြစ်လာမလဲ ဆိုတာ မသိရတော့ အားလုံးက စိုးရိမ်နေရတယ်၊ လုံခြုံရေးတာ ဝန်ရှိသူ တွေအနေနဲ့လည်း အခုချိန်မှာ လုံခြုံရေးအပိုင်းကို အတတ်နိုင်ဆုံးဆောင်ရွက်မယ်လို့ယုံကြည်ပါတယ်"ဟုပြောသည်။

ပလက်ဝမြို့နယ်အတွင်း ညမထွက်ရ အမိန့်နှင့် အတူလမ်းမကြီးများ၊ အများပြည်သူသွားရာလမ်း၊ လမ်းသွယ်၊ လမ်းကြား၊ အများပြည်သူနှင့် ဆိုင်သောအဆောက်အဦး နေရာများတွင် ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပြစ်မှုတစ်စုံ တစ်ရာ ကျူးလွန်လိုသည့် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ လူ (၅)ဦး (သို့) ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်း ဟစ်အော်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရုတ်ရင်းဆန္ဒပြခြင်း တို့ကိုလည်း မပြုလုပ်ရန် ပလက်ဝမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ နိုဝင်ဘာ ကိုးရက်နေ့က ထုတ်ပြန်ထားသည်။ https://www.chinworld.org/2019/12/09/%e1%80%95%e1%80%9c%e1%80%80%e1%80%ba%e1%80%

***********

## ၁၂။ မိုင်းခုတ်ဒေသခံများကန့်ကွက်မှုကြားက ကျောက်မီးသွေး ဆက်လက်တူးနေ

December, 6, 2019

သျှမ်းပြည် အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့နယ်တွင် ကျောက်မီးသွေး တူးဖော်ရေး စီမံကိန်းကို ဒေသခံများ ကန့်ကွက်သည့်ကြားမှ ဆက်လက် လုပ်ဆောင်နေကြောင်း သတင်းရရှိသည်။

ထိုကျောက်မီးသွေး တူးဖော်မှုသည် အောက်တိုဘာ ၁၈ ရက်နေ့မှ စတင်ကာ တူးဖော်ခဲ့မှ ယနေ့တိုင် ဆက်လက်တူးနေ ကြောင်း မိုင်းခုတ်မြို့ အသက် ၄၀ ကျော် စိုင်းလုံ က သျှမ်းသံတော်ဆင့် ပြောသည်။

" သူတို့ကတော့ စမ်းသပ်ကာလ အနေနဲ့ ၂၈က လောက်ရှိပြီ တူးနေတာ။ နေ့တိုင်းပဲ တူးနေတယ်။ ကျနော်တို့ တူးနေတာတွေ ရပ်ဖို့ ပြောပေမယ့် သူတို့က မရပ်ဘူး" ဟု စိုင်းလုံ ကဆိုသည်။ ကျောက်မီးသွေး တူးဖော်မှုကြောင့် ဒေသခံများ လယ်ယာ ပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းနှင့် ကျန်းမာရေးပြဿနာ ဖြစ်လာမည်ကို စိုးရိမ်နေကြကြောင်း စိုင်းလုံ က ပြောသည်။

မိုင်းခုတ်မြို့တွင် ၂၈ နှစ် တူးခွင့်ရထားသည့် ကျောက်မီးသွေး စီမံကိန်း ကို ဇူလိုင်လ ၂၀၁၉ က ထိုင်း Sahakol Equipment Co. Ltd (SQ) Company နှင့် မြန်မာရွှေရေကန် (Golden Lake Co. Ltd) ကုမ္ပဏီတို့မှ နှစ်ဦးနှစ်ဖက်ဖက်စပ် သဘောတူ ညီချက် ရေးထိုးခဲ့ကြသည်။

ထို့ပြင် ကျောက်မီးသွေး မိုင်းနှင့် ကျောက်မီးသွေး သုံးဓာတ်အားပေး စက်ရုံအတွက် လမ်းဆောက်လုပ်ရန် မိုင်းခုတ်ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ ၈ ရွာ ပြောင်းရွှေ့ရမည်ဟု သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ယနေ့ထုတ်သည့် ထုတ်ပြန်ချက်တွင် ရေးသားထားသည်။ https://burmese.shannews.org/archives/14829

*************

## ၁၃။ တိုက်ပွဲ ထပ်မံဖြစ်မည်ကို စိုးရိမ်စိတ်ဖြင့် ကျောက်မဲမြို့ပေါ်သို့ စစ်ရှောင်များရောက်လာ

December ,8, 2019

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့ပေါ်သို့ ယမန်နေ့ (ဒီဇင်ဘာ ၇) ရက်တွင် စစ်ရှောင်များ ရောက်လာကြောင်း သတင်းရရှိသည်။ အဆိုပါ ရောက်လာသည့် စစ်ရှောင်များသည် ကျောက်မဲမြို့နယ် ကွန်ကော်ကျေးရွာမှ ဒေသခံများဖြစ်ပြီး၊ လူဦးရေ ၈၀ ကျော်ရှိကြောင်း လက်ရှိမှာကျောက်မဲမြို့ပေါ်ရှိ ဆွေမျိုးများအိမ်တွင် နေထိုင်ကြောင်း ကျောက်မဲမြို့ ဇီဝိတ လူမှုကူညီရေး အသင်းမှ ဦးတင်မောင်သိန်း က ပြောသည်။

" မနေ့က ညရောက်လာတာပါ။ သူတို့ကဆွေမျိုးအိမ်မှာ နေကြတယ်။ သီးသန့်နေထိုင်တာတော့ မရှိဘူး" ဟု ဦးတင်မောင်သိန်း က ပြောသည်။ ထိုစစ်ရှောင်များစာရင်းတွင် အမျိုးသမီး နှင့် ကလေးငယ် အများစုဖြစ်နေကြောင်းသိရသည်။

လက်ရှိ ကျောက်မဲမြို့သို့ ရောက်လာသည့် စစ်ရှောင်များသည် ကျောက်မဲမြို့နယ် ခေကွဲရွာတွင် တိမ်းရှောင်နေကြသည့် ခွန်ကော်၊ အုံအွီးရွာမှ စစ်ရှောင်များဖြစ်ကြကြောင်း သိရသည်။

ယမန်နေ့ ရောက်လာသည့် စစ်ရှောင်များသည် ယခင်တွင်လည်း စစ်ရှောင်ခဲ့ဖူးသည့် သူများဖြစ်ကြောင်း၊ တိုက်ပွဲဆက်လက်ပြင်းထန်လာမည်ကို စိုးရိမ်သဖြင့် ကျောက်မဲမြို့ပေါ်သို့ရောက်လာကြောင်း ဒိုဝ်တမောဝ် လူမှုကူညီရေးအသင်းမှ အဘမ်းက သျှမ်းသံတော်ဆင့်သို့ ပြောသည်။ ကျောက်မဲမြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့် တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော်တို့သည် နိုဝင်ဘာလမှ စတင်ကာတိုက်ပွဲဖြစ်ပွားခဲ့ပြီး၊ စစ်ရှောင် ၇၀၀ ကျော် ထွက်ပြေး တိမ်းရှောင်နေရကြောင်းသိရသည်။ https://burmese.shannews.org/archives/14833

**************

## ၁၄။ မြန်မာအစိုးရခေါင်းဆောင်များနိုင်ငံတကာဆိုင်ရာ ဥပဒေအရ အရေးယူသည့်အပေါ် သျှမ်းလူမှုအဖွဲ့ ထောက်ခံ

December 9, 2019

မြန်မာအစိုးရ ခေါင်းဆောင်များအား နိုင်ငံတကာဆိုင်ရာ ဥပဒေအရ အရေးယူမှုအားသျှမ်းလူမှု အသိုင်းအဝန်း က ထောက်ခံလိုက်ကြောင်း သတင်းရရှိသည်။

နိုင်ငံတကာ ဆိုင်ရာ တရားမျှတမှု ယန္တရားအရ မြန်မာနိုင်ငံအား လူမျိုးသုဉ်း သတ်ဖြတ်မှု အမှုဖြင့် ICJ တွင် တရားရင်ဆိုင်ရန်၊ ရိုဟင်ဂျာ(ခေါ်)ဘင်္ဂါလီ များကို နှင်ထုတ်မှု နှင့် ပတ်သက်ပြီး ICC ၏ စစ်ဆေးမေးမြန်းမှုနှင့် တကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့်အောက်တွင် ရိုဟင်ဂျာအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှု များအတွက် အာဂျင်တီးနားတွင် တရားစွဲဆိုထား သည့် အမှုပါဝင်ကြောင်း သျှမ်းလူမှု အသိုင်းအဝန်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။ အဆိုပါ ထုတ်ပြန်ချက်သည် သျှမ်းလူမှု အသိုင်းအဝန်း ၁၇ ဖွဲ့မှ ယနေ့ ရက်စွဲဖြင့်ထုတ်ပြန်ထားသည်။ " ကျနော်တို့သျှမ်းတွေလည်း ရိုဟင်ဂျာတွေလို ပုံစံတူ လူမျိုးသုဉ်း သတ်ဖြတ်ခံရတယ်။ လူ့အခွင့်အရေး ချိုးဖောက်ခံရတယ်။ အဲ့တုန်းက ဘယ်သူမှ အရေးယူ စဉ်းစားပေးတာ မရှိဘူး။ တိုင်းရင်းသားတွေကို ဒေါ်အောင်ဆန်းစုကြည် ကလည်း လှည့်မကြည့် တဲ့ သဘောပါပဲ" ဟု စိုင်းလျန်း က ဆိုသည်။

" ဒေါ်အောင်ဆန်းစုကြည်က ကျနော်တို့ တိုင်းရင်းသားတွေဘက်ကို မရပ်တည်ဘူး။ တိုင်းရင်းသားတွေ စစ်ဒဏ်ခံရတာ နှစ်ပေါင်း ၇၀ ကျော်ပြီ။ အခု ဂမ်ဘီယာက တရားစွဲဆိုတဲ့ကိစ္စမှ တက်တက်ကြွကြွ ပါဝင်နေတယ်ဆိုတာကို ကြည့်ချင်းအားဖြင့် တပ်မတော်ဘက် ရပ်တည်တယ်လို့မြင်တယ်။ ဒါကြောင့် ကျနော်တို့ ဒေါ်အောင်ဆန်းစုကြည်ကို လုံးဝ မထောက်ခံပါဘူး" ဟု စိုင်းလျန်း က ထပ်လောင်း ပြောသည်။

လက်ရှိမှာတော့ ICJ တရားရုံးတွင် တရားရင်ဆိုင်ပြီး တရားရှုံးပါက မည်ကဲ့သို့ ပြစ်ဒဏ်ပေးခံရမည်၊ တရားနိုင်ပါက မည်ကဲ့သို့ ဖြစ်လာမည်ကို သေချာမသိရှိရသေးကြောင်း လူမှုအဖွဲ့အစည်းများက ပြောသည်။ https://burmese.shannews.org/archives/14837

## ၁၅။ AA စစ်ဦးစီးချုပ် ၏ ဇနီး နှင့် ကလေး ၂ ဦး မြန်မာပြည်သို့ပြန်ပို့မည် မဟုတ်

December, 10, 2019

ရက္ခိုင်စစ်တပ်(AA) စစ်ဦးစီးချုပ် ဗိုလ်ချုပ် ထွန်းမြတ်နိုင် ၏ ဇနီး နှင့် ကလေး ၂ ဦး ကို မြန်မာပြည်သို့ပြန်ပို့မည် မဟုတ်ကြောင်း ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့ က ပြောကြားသည်။

လွန်ခဲ့သည့် ဒီဇင်ဘာ ၄ ရက် တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၊ လူဝင်မှုကြီးကြပ်ရေးဌာန က AA စစ်ဦးစီးချုပ် ဗိုလ်ချုပ် ထွန်းမြတ်နိုင် ၏ ဇနီး ဒေါ်နှင်းဇာဖြူနှင့် အသက် ၁၂ အရွယ် သမီး စောပြည့်သျှင်၊ အသက် ၁ နှစ်ကျော် သား မြတ်လင်းဖံ တို့ကို နိုင်ငံကူး လက်မှတ် revoke (ရုပ်သိမ်း) ကို အသုံးပြုသည့်ဟုဆိုကာ ထိုင်းရဲများက ထိန်းသိမ်းထားခြင်းဖြစ်သည်။

ဒေါ်နှင်းဇာဖြူနှင့် ကလေး ၂ ဦးသည် ယခင်တွင် ထိုင်းနိုင်ငံ မယ်ဆိုင်မှတဆင့် မြန်မာနိုင်ငံ တာချီလိတ်သို့ ပြန်လည် ပို့ဆောင်ရန် စီစဉ်ခဲ့သော်လည်း လက်ရှိမှာ ထိုင်း လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းအရ စစ်ဆေးမှု ပြုလုပ်ကာ နေရပ်ပြန်ပို့မည် မဟုတ်ကြောင်း ထိုင်း အာဏာပိုင်နှင့်နီးစပ်သူက ပြောသည်။

"AA က ဗိုလ်ချုပ် ထွန်းမြတ်နိုင်ရဲ့ အမျိုးသမီး နဲ့ ကလေး ၂ ယောက်ကို မြန်မာပြည်တော့ပြန်မပို့တော့ဘူး။ နိုင်ငံကူး လက်မှတ် ပြဿနာဆိုတော့ ထိုင်းမှာ တရားရင်ဆိုင်ရမယ်။ တရားရင်ဆိုင်ပြီးရင် မြန်မာပြည်နေရပ်ကို ပြန်ပို့တဲ့ အလေ့အထရှိတယ်။ ဒါပေမယ့် သူတို့ကို မြန်မာပြည်ကို ပြန်မပို့ဘူး။ သူတို့ဘယ်နိုင်ငံကို သွားမယ်ဆိုတာကတော့ မသိသေးဘူး" ဟု ထိုင်းအာဏာပိုင် နှင့် နီးစပ်သူ က သျှမ်းသံတော်ဆင့်သို့ ပြောသည်။

လက်ရှိမှာ ဒေါ်နှင်းဇာဖြူကို ထိုင်းအာဏာပိုင်များက မည်သည့်နေရာတွင်ထားရှိပြီး၊ မည်သည့် နေ့ရက်တွင် တရားရင်ဆိုင်ရမည်ကို မသိရှိကြောင်းလည်း ၎င်းက ပြောသည်။ https://burmese.shannews.or g/archives/14845

************

## ၁၆။ မွန်ပြည်နယ်မှ အဂတိလိုက်စားမှုတိုင်ကြားစာ ၃၉၈ စောင်အနက် ၈ စောင်သာ စုံစမ်းစစ်ဆေးနိုင်ခဲ့

December, 9, 2019

မွန်ပြည်နယ်အတွင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာအထိ အဂတိလိုက်စားမှုတိုင်ကြားစာ ၃၉၈ စောင်ရှိသည့်အနက် ၈ စောင်သာ စုံစမ်းစစ်ဆေးနိုင်ခဲ့ကြောင်း ပြည်နယ်အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မတီအဖွဲ့မှ သိရသည်။

မွန်ပြည်နယ်မှ ရောက်ရှိလာသည့် တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်မှု အခြေအနေနှင့် ပတ်သက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်က မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ယနေ့ (ဒီဇင်ဘာ ၉ ရက်နေ့) ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အခမ်းအနားတွင် ရှင်းလင်းပြောကြားခဲ့သည်။ "၂၀၁၉ ခုနှစ်မှတော့ တိုင်ကြားစာပေါင်း ၃၉၈ စောင် စုံစမ်းစစ်ဆေးခြင်း ၈ စောင်၊ ပြည်နယ်အစိုးရအဖွဲ့ထံ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၄၁ စောင် ဖြစ်တယ်" ဟု ဦးမျိုးမြင့်က ပြောသည်။

အလားတူ ၂၀၁၈ ခုနှစ်က တိုင်ကြားစာပေါင်း ၄၈၂ စောင်အနက် တစ်စောင်သာ စုံစမ်းစစ်ဆေးနိုင်ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့ထံ ၄၃ စောင် လွှဲပြောင်းပေးပို့ခဲ့ကြောင်း ၎င်းကဆက်ပြောသည်။

နိုင်ငံတော်သမ္မတဦးဝင်းမြင့်က ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် အမြစ်တွယ်နေသည့် အဂတိလိုက်စားမှု ပြဿနာသည် နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် တည်ဆောက်ရေးခရီးလမ်းတွင် အဓိကကျသည့် ခလုတ်ကန်သင်းဖြစ်နေကြောင်း ထည့်သွင်းပြောဆိုထားသည်။ http://burmese.monnews.org/2019/12/09/%e1%80%99%e1%80%bd%e1 %80%94%e1%80%ba%e1%80

**၁၇။ တာချီလိတ်တွင်ပြုလုပ်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထောက်ခံပွဲတွင် SNLD ပါတီအမည် အသုံးပြုခဲ့မှုအတွက် ပွဲကျင်းပရေးကော်မတီပြန်လည်တောင်းပန်**

December, 11, 2019

ဒီဇင်ဘာ ၁၀ ရက်က ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် ပြုလုပ်ခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို အားပေးထောက်ခံပွဲတွင် ခွင့်ပြုချက်မရှိဘဲ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) အမည်ပါ ဆိုင်းဘုတ်ထည့်သွင်းအသုံးပြုခဲ့မှုအတွက် ပွဲဦးဆောင်စီစဉ်သူများကို ကန့်ကွက်ခဲ့ကြောင်း ပါတီအတွင်းရေးမှူး ဦးစိုင်းလိတ်က ပြောကြားသည်။

" ထောက်ခံပွဲ စီစဉ်သူတွေက ကျွန်တော်တို့ ပါတီဝင်မဟုတ်တဲ့သူတွေကို ကျွန်တော်တို့ ပါတီနာမည် ဆိုင်းဘုတ် ကိုင်ခိုင်း ပြီးတော့မှ ပွဲတက်ခိုင်းတာပေါ့နော်။ အဲဒါက လိမ်လည်မှုတစ်ခုပဲ။ ပါတီနာမည်ကို ခွင့်ပြုချက်မရှိ သုံးသွားတာမျိုး၊ ပါတီဝင်မဟုတ်တဲ့သူကို ပါတီဝင်အလားသဏ္ဌာန် လုပ်သွားတာမျိုးကို ကျွန်တော်တို့ ကန့်ကွက်တယ်။ ရှုတ်ချတယ်။ အဲဒီအတွက်ကို ပြေပြေလည်လည် ပြန်လည်ပြီး တောင်းပန်ဖို့ တောင်းဆိုထားတယ်" ဟု ၎င်းက ပြောကြားသည်။

အတိုင်ပင်ခံပုဂ္ဂိုလ်ကို အားပေးထောက်ခံပွဲသို့ SNLD ပါတီကိုလည်း ဖိတ်ကြားခဲ့ပြီး ၎င်းတို့အနေဖြင့် တက်ရောက်လာပါက အဆင်သင့်ဖြစ်စေရန် ပါတီအမည်ပါ ဆိုင်းဘုတ်ကို ရိုက်နှိပ်ထားခြင်းဖြစ်ပြီး ပွဲတက်ရောက်သူတစ်ဦးက ဆိုင်းဘုတ်မှားယွင်းကိုင်ဆောင်ခဲ့ခြင်းဖြစ်ကာ ပွဲကျင်းပရေးကော်မတီအနေဖြင့် ဆိုင်းဘုတ်ကို အမြန်ဆုံးပြန်လဲခဲ့သော်လည်း သတင်းမီဒီယာများတွင် ဖော်ပြပါရှိသွားခဲ့သည်ဟု ပွဲဦးဆောင်စီစဉ်သူများထဲမှ တစ်ဦးဖြစ်သည့် ဦးတင့်ဆွေက ပြောကြားသည်။

" ကျွန်တော်တို့က ဒီပွဲကိုကော်မတီအနေနဲ့ လုပ်တာကိုး။ NLD အနေနဲ့ လုပ်တာမဟုတ်ဘူး။ NLD က ဝန်းရံတာပဲရှိတယ်။ အဲဒါကြောင့် SNLD ကို ကျွန်တော်တို့က တရားဝင် တောင်းပန်ဖို့ စာရိုက်ထားတယ်။ နေ့လယ် ၁ နာရီမှာ သူတို့ရုံးကိုသွားပြီး တောင်းပန်ပေးမှာပေါ့" ဟု ဦးတင့်ဆွေက ပြောကြားသည်။ https://news-eleven.com/article/149211

***********

**၁၈။ တပ်မတော်က သိမ်းယူထားတဲ့ မွန်ပြည်သစ်ပါတီ စခန်းကိုပြန်ပေး**

December, 10, 2019

တပ်မတော်က သိမ်းယူထားတဲ့ မွန်ပြည်သစ်ပါတီထိန်းချုပ်တဲ့ ဂျပန်ရေတွင်းစခန်းကို ပြန်လည်ပေးအပ်ခဲ့မယ့် အဲ့ဒီစခန်းနဲ့ ကိုက် ၃၀၀ အကွာက ဟသ်ာတိုင်ဂိတ်မှာ ဆက်လက်နေရာယူထားတယ်လို့ မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင် နိုင်အောင်မငေးက ပြောပါတယ်။

တပ်မတော်နဲ့ မွန်ပြည်သစ်ပါတီတပ်တွေ နီးနီးကပ်ကပ် ရှိနေတာကြောင့် ဒေသခံ စစ်ဘေးဒုက္ခသည်တွေဟာ သူတို့ကျေးရွာကို အားလုံးမပြန်ရဲသေးကြဘူးလို့ ကူညီဆောင်ရွက်ပေးသူတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ် ဂျပန်ရေတွင်းကျေးရွာနားမှာ တပ်မတော်နဲ့ မွန်ပြည်သစ် ပါတီတို့ ပစ်ခတ်မှုတွေဖြစ်ခဲ့ပြီး မွန်ပြည်သစ်ပါတီစခန်းကို တပ်မတော်က သိမ်းယူခဲ့ပါတယ်။ ဒီလိုသိမ်းယူခဲ့တဲ့ ဂျပန်ရေတွင်းက မွန်ပြည်သစ်ပါတီစခန်းကို တပ်မတော်က ပြန်ပေးခဲ့ပေမယ့် အဲစခန်းနဲ့ ကိုက် ၃၀၀ အကွာမှာ တပ်မတော်ဘက်က တပ်စွဲထားတယ်လို့ မွန်ပြည်သစ်ပါတီဗဟိုကော်မတီဝင် နိုင်အောင်မငေးက ပြောပါတယ်။

မွန်ပြည်သစ်ပါတီက ဂျပန်ရေတွင်းကို ပြန်လည်ရယူပြီး နောက်နေ့မှာဘဲ ထိုင်းနိုင်ငံဘက်က စစ်ဘေးဒုက္ခသည် စခန်းကို ပိတ်သိမ်းလိုက်ပါတယ်။ ဒါပေမယ့် တပ်မတော်နဲ့ မွန်ပြည်သစ်ပါတီ လက်နက်ကိုင်နှစ်ဖွဲ့ဟာ ကိုက် ၃၀၀ အကွာမှာ နီးနီးကပ်ကပ် ရှိနေတာကြောင့် တိုက်ပွဲတွေ ပြန်ဖြစ်မှာစိုးရိမ်ပြီး ဒေသခံရွာသား ထက်ဝက်ကျော်ဟာ နေအိမ်မပြန်ရဲကြသေးဘဲ

နယ်စပ်မှာဘဲ ရှိနေသေးတယ်လို့ သူတို့ကိုအကူညီပေးနေတဲ့ မွန်လူ့အခွင့်ရေးဖောင်ဒေးရှင်းအဖွဲ့က နိုင်ကဆော့မွန် ကပြောပါတယ်။ ဒီကိစ္စတွေကိုဖြေရှင်းဖို့အတွက် အရပ်သားကိုယ်စားလှယ်တွေပါဝင်တဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီ JMC(s) က ပဋိပက္ခဖြစ်တဲ့နေရာကို ဒီလအတွင်းသွားရောက်စစ်ဆေးဖို့ ပြင်ဆင်နေပြီး တွေ့ရှိချက်တွေကို NRPC နဲ့ JMC(U)ကို တင်ပြသွားဖို့ရှိတယ်လို့ နိုင်အောင်မင်းက ပြောပါတယ်ခင်ဗျာ။ https://www.rfa.org/burmese/news/military-give-back-nmsp-camp-12102019034256.html

************

၁၉။ **ချီဖွေချောင်းရေအနီရောင်ပြောင်းလဲစီးဆင်နေမှု ဒေသခံများစိုးရိမ်**

December, 11, 2019

ကချင်ပြည်နယ် ချီဖွေမြို့ရှိ ချော င်းရေ အနီရောင်အဖြစ် ပြောင်းလျှ က် (၃) ရက်ကြာ စီးဆင်းနေကြောင်း ချီဖွေဒေသခံ ဦးဇောင်းဒိုင် ထံမှ သိရပါသည်။

ပန်ဝါဖက်မှ စတင်စီးဆင်းလာသည့် ဖုန်လုန်ချောင်းသည် လွတ်ပီကျေးရွာတွင် ချီဖွေချောင်းဖြင့် ပေါင်းခြင်းဖြစ်ပြီး လွန်ခဲ့သည့် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ချီဖွေချောင်းအနီရောင်အဖြစ် ချီဖွေဒေသခံများက တွေ့မြင်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုပါသည်။

"ရေတွေ အရမ်းနီနေတော့ ရေကို ထိဖို့တောင် ကြောက်နေတယ်။ အပေါ်ကနေကြည့်လိုက်ရင် သွေးတွေ စီးနေသလိုဖြစ်နေတယ်။ ရေ ဒီလောက်နီနေတာကို အစိုးရ နဲ့ သက်ဆိုင်တဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတွေလည်း သိပါစေ..ပြည်သူတွေအတွက် ဒီရေသန့်ရှင်းဖို့ နဲ့ ဒီရေ က ကျနော်တို့ ပြည်သူတွေ အသုံးပြုနို င်အောင် အစိုးရက ဘယ်လို နည်းလမ်းသုံးပေးမယ်။ ကျနော်တို့ ပြည်သူတွေအနေနဲ့ ဒီသတ္တုမတူးပါနဲ့လို့ တားမြစ်တာလ ည်း မဟုတ်ဘူး..တူးတယ်ဆိုလည်း ကျနော်တို့ပြည်သူတွေ အသုံးပြုနေတဲ့ ရေကို မထိပါစေနဲ့ ...ပြည်သူတွေအနေနဲ့ သက်ဆိုင်တဲ့အစိုးရကို ဖြစ်စေချင်တယ်။ " ဟု ချီဖွေဒေသခံ ဦးဇောင်းဒိုင်က ပြောပါသည်။ မြေရှားသတ္တုတူးဖော်သည့် စွန့်ပစ်ပစ္စည်း ၊ ဓာတုဆေးဝါး နှင့် ရေလောင်ကန်ပေါက်ခြင်းကြောင့် ရေအနီရောင်သို့ ပြောင်းလဲသွားခြင်းဖြစ်နိုင်ကြောင်း ၎င်းက သုံးသပ်ပြောဆိုထားပါသည်။

လွန်ခဲ့သည့် ဩဂုတ်လ ၂၈ ရက်နေ့၌ ချီဖွေချောင်းတွင် နေပြည်တော်အဆင့်မှ လာရောက် ကွင်းဆင်းစစ်ဆေးခဲ့စဉ် စိုးရိမ်နိုင်ဖွယ် မရှိဟုချီဖွေဒေသခံများအား ပြောဆိုခဲ့သော်လည်း ယခု ဒီဇင်ဘာလ ၆ ရက်နေ့တွင် ၎ ရအနေအထား အနီရောင်သို့ ပြောင်းလျှ က် စီးဆင်းခဲ့ခြင်းဖြစ်သည်။ ချီဖွေချောင်းသည် မေခမြစ်သို့ စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပါသည်။ https://burmese.kachinnews.com/2019/12/11/%e1%80%81%e1%80%bb%e1%80%ae%e1%80%

************

၂၀။ **ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုချုပ် စိုးဝင်း၊ ဗိုလ်မှူးချုပ် သန်းဦးနှင့် ဗိုလ်မှူးချုပ် အောင်အောင်တို့ ၄ ဦးကို အမေရိကန်က အမည်ပျက်စာရင်းသွင်းပိတ်ဆို့ အရေးယူ**

December ,11, 2019

အမေရိကန်ပြည်ထောင်စုက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဗိုလ်မှူးချုပ် သန်းဦးနှင့် ဗိုလ်မှူးချုပ် အောင်အောင်တို့ကို မွတ်စလင်များနှင့် လူနည်းစုများအပေါ် လူ့အခွင့်ရေးချိုးဖောက်မှု ကျူးလွန်မှုဖြင့် အမည်ပျက်စာရင်းသွင်းကြောင်း ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက လူမျိုးတုန်းသတ်ဖြတ်မှုစွပ်စွဲချက်ဖြင့် တရားစွဲဆိုမှု စတင်ကြားနာချိန်တွင် အမေရိကန်ပြည်ထောင်စုက မြန်မာ စစ်ခေါင်း ဆောင် ၄ ဦးကို ပိတ်ဆို့ အရေးယူမှုများ ချမှတ်အရေးယူလိုက်ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ် တပ်မတော် နယ်မြေရှင်းလင်းမှုများကြောင့် ရိုဟင်ဂျာ မွတ်စလင် ၇ သိန်း ၃ သောင်းသည် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးခဲ့ရကြောင်း၊ နယ်မြေရှင်းလင်းမှုများတွင် တပ်မတော်က လူသတ်မှုများ၊ အုပ်စုလိုက် မုဒိမ်းကျင့်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ဟု အမေရိကန်၏ ကြေညာချက်အရ သိရှိရသည်။ လူနည်းစု တိုင်းရင်းသားများကို သတ်ဖြတ်ခြင်း၊ ပစ်ခတ်တိုက်ခြင်း၊ လူရှိနေသော အိမ်များကို မီးတင်ရှို့ခြင်းကဲ့သို့သော ရက်စက်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို စစ်သားများ ကျူးလွန်ကြောင်း ထုတ်ပြန်ချက် ဖော်ပြထားသည်။ https://www.khitthitnews.com/2019/12/%e1%80%97%e1%80%ad%e1%80%af%e1%80%

**************

## ၂၁။ ၂၀၂၀-၂၀၂၁ ခုနှစ်မှ စတင်က တိုင်းရင်းသားဘာသာစကားသင်ကြားရာတွင် ကျောင်းသား/သူ ၂၀ ဦးတွင် ဆရာ/မ တစ်ဦးနှုန်း ခန့်အပ်မည်ဟုဆို

December 11, 2019

တိုင်းရင်းသားဘာသာစကားများ သင်ကြားရရာတွင် ၂၀၂၀-၂၀၂၁ ခုနှစ်မှ စတင်က ကျောင်းသား/သူ ၂၀ ဦးတွင် ဆရာ/မ တစ်ဦးနှုန်းဖြင့် ခန့်အပ်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်ထွန်းက ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဖြေကြားခဲ့သည်။

ထန်တလန်မြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဒေါ်နီရွှေလျန်းမှ ချင်းပြည်နယ်တွင် ချင်းတိုင်းရင်းသား စာပေသင်ကြားမည့် ဆရာ၊ ဆရာမများကို ခန့်ထားခြင်း မရှိသေးသော ကျောင်းများတွင် ဆက်လက်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ ဒီဇင်ဘာ ၆ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မေးမြန်းရာ ဝန်ကြီးမှ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ဝန်ကြီးက ပြန်လည်ဖြေဆိုတဲ့အပေါ်မှာ ကျေနပ်မှုရှိပါတယ်၊ ကျောင်းသား အယောက် ၂၀ ကို ဆရာ/မ တစ်ယောက်နှုန်းခန့်ထားမယ်လို့ ဖြေထားတာဖြစ်တဲ့အတွက် လုံလောက်မှုရှိတယ်လို့ ကျွန်မထင်တယ်" ဟု ပြည်သူ့လွှတ်တော်အမတ် ဒေါ်နီရွှေလျန်းမှ ပြောသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်အတွင်း Teaching Assistant (TA) အဖြစ် ၄၇၃ ဦးအား ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း ခန့်ထားခဲ့ပြီး ၂၇၁ ဦးအား ဆက်လက်ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ဒုဝန်ကြီး ဦးဝင်းမောင်ထန်းမှ ဖြေကြားခဲ့သည်။ https://www.chinworld.org/2019/12/11/%e1%81%82%e1%81%80%e1

************

## ၂၂။ AA အဖွဲ့အား အခွန်ငွေပေးပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းနေပြီး ပိုင်ဆိုင်မှုများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်သည်အထိအရေးယူနိုင်ကြောင်းဥပဒေကျွမ်းကျင်သူအချို့ပြောကြား

December, 12, 2019

AA အဖွဲ့အား အခွန်ငွေပေးပါက အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေနှင့်ငြိစွန်းနေပြီး ပိုင်ဆိုင်မှုများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်အထိ အရေးယူနိုင်ကြောင်း ဥပဒေကျွမ်းကျင်သူအချို့ပြောကြားသည်။
AA အဖွဲ့ လှုပ်ရှားရာဒေသများတွင် စီမံကိန်းနှင့် စီးပွားရေးလုပ်ကိုင်သူများကို ၂၀၂၀ ပြည့်နှစ်မှစ၍ အခွန်ခေါင်းစဉ်ဖြင့် ငွေကြေး စတင်ကောက်ခံတော့မည်ဖြစ်ကြောင်း AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်က ရောဝတီသတင်းဌာနသို့ ပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ထွန်းမြတ်နိုင်က "ကျွန်တော်တို့ ULA ကို အခွန်ဆောင်ရမယ်။ မဆောင်လို့မရဘူး၊ မဆောင်ရင် ပေးလုပ်မှာမဟုတ်ဘူး၊ ဒါအရှင်းဆုံးပြောတာ၊ ကျွန်တော်တို့ Arakan Government ကိုတော့ မထူထောင်သေးဘူး။ ဒါပေမဲ့

ရက္ခိုင်ပြည်သူ့အာဏာပိုင်အဖွဲ့ကိုတော့ ကျွန်တော်တို့ ထူထောင်တော့မယ်" ဟု ပြောကြားခဲ့ကြောင်း ဧရာဝတီသတင်း ဌာနက ဖော်ပြထားသည်။ အခွန်ဆိုသည့်အရာကို အစိုးရတစ်ရပ်ကသာ ကောက်ခံနိုင်ပြီး AA ကဲ့သို့ အဖွဲ့အစည်းမျိုးက ကောက်ခံခွင့် မရှိကြောင်း၊ ယင်းသို့ကောက်ခံပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်ငြိစွန်းနေပြီး အခွန်ပေးဆောင်သူများလည်း ယင်း ဥပဒေနှင့်ငြိစွန်းကြောင်း တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်မြင့်က ပြောကြားသည်။

"အဲ့ဒါတွေက အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေထဲမှာလည်း ပြဋ္ဌာန်းထားပြီးသားတွေ" ဟု ဦးခင်မောင်မြင့်က ပြောကြားသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ၏ အခန်း ၁၂ တွင် ပြဋ္ဌာန်းချက်အရ မည်သူမဆို အကြမ်းဖက်မှုတစ်ခုခု ကျူးလွန်ရာတွင် ဖြစ်စေ၊ ကျူးလွန်ရန်ဖြစ်စေ ယင်းပြစ်မှုဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက်နိုင်စေရန် အလို့ငှာပြုလုပ် လျှင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုကို ကျူးလွန်ရာရောက်သည်ဟု ဖော်ပြထားသည်။ www.news-eleven.com

**************

၂၃။ **မင်းပြားတွင် တိုက်ပွဲပြင်းထန်နေပြီး တပ်မတော်က လက်နက်ကြီး၊ ရဟတ်ယာဉ်များဖြင့် ပစ်ခတ်မှုများရှိ၊ အရပ်သား ၄ ဦးဒဏ်ရာရ**

December 11, 2019

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်း တပ်မတော်နှင့် ရခိုင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ကြား တိုက်ပွဲပြင်းထန် လျက်ရှိပြီး တပ်မတော်ကလက်နက်ကြီးရဟတ်ယာဉ်များဖြင့် ပစ်ခတ်မှုများရှိကြောင်း မင်းပြားလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းအောင်က ပြောဆိုသည်။

"တိုက်ပွဲက မနက် ၄ နာရီတည်းကဖြစ်နေတာ မနက် ၈ နာရီလောက်က လေယာဉ်နှစ်စီးနဲ့ ပစ်နေတယ်ပြောတယ်။ အခုထိလည်း လက်နက်ကြီးတွေနဲ့ ပစ်နေတယ်ပြောတယ်။ အသေးစိတ်ကတော့ ကျွန်တော်လည်း မသိရသေးဘူး။ ကျွန်တော်က မင်းပြားမှာမရှိဘူး" ဟု ဦးလှသိန်းအောင်ကပြောဆိုသည်။

ထို့ပြင် ယနေ့ နံနက်ပိုင်းကလည်း တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် မင်းပြားမြို့နယ်အတွင်းရှိ ကုလားမတုံ ကျေးရွာသို့ လက်နက်ကြီးကျရောက်ခဲ့ပြီး ၄ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း အသေးစိတ်အခြေအနေကိုမသိရသေးကြောင်း ၎င်း ကဆက်လက်ပြောဆိုသည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဝင်းဇော်ဦးကို ဆက်သွယ် မေးမြန်းခဲ့သော်လည်း ဖုန်းလက်ခံပြောဆိုခြင်းမရှိပေ။ https://www.khitthitnews.com/2019/12/%e1%80

မှတ်ချက်။ **သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးထံမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

** ပြီး **